**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**သမတအိမ်တော်၊ ရန်ကုန်မြို့**
**၁၉၅၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ။**
**[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၅။]**
**၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်။**
**(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် နောက်ထပ်ဘဏ္ဍာ တော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၉,၇၀,၀၈,၅၄၀ (ဤအက်ဥပဒေ၏ ဇယားတွင်ဖော်ပြထားသည်)ကိုထုတ်၍၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲ နိုင်သည်။

(၂) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၉ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃)အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် ငွေချေးယူခြင်း။**

၂။ ။(၁) ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၊ စုစုပေါင်း ကျပ်ငွေ ၉၀,၀၀,၀၀,၀၀၀ ထက်မပိုသော ငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည် ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ကလည်း ထိုနှစ်အတွင်း ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား၊ ထုတ်ချေး ရမည်။ ထိုကဲ့သို့ ငွေချေးသော ကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုး နှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက် များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့် သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့် အတိုးကို၎င်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည်ထောင် စုနိုင်ငံ၏အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့် ငွေချေးယူခြင်းသည်၊ ၁၉၅၈ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၃) အရ၊ ခွင့်ပြုထားသည့်ငွေချေးယူခြင်းအပြင်၊ နောက် ထပ်ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ဇယား**

| အစိုးရဌာန။ | | | | | **ခွဲဝေသုံးစွဲသည့်ငွေ။** ကျပ်။ |
|---|---|---|---|---|---|
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် | | | … | … | ၇,၈၆,၈၆၀ |
| အမြတ်တော်ခွန် | … | … | … | … | ၁,၇၃,၀၄၀ |
| တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု | | | … | … | ၃၈၀ |

| | | | | | |
|---|---|---|---|---|---|
| အခြားအခွန်တော်များနှင့် အကောက်တော်များ | | | ... | ... | ၂၇,၄၇၀ |
| စာပို့တိုက်နှင့်ကြေးနန်း | | ... | ... | ... | ၃၅,၆၈,၇၇၀ |
| အတိုးနှင့် ကြွေးမြီ | | ... | ... | ... | ၃၁,၂၂,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | | ... | ... | ... | ၂၀ |
| စာရင်းစစ် | ... | ... | ... | ... | ၅,၆၈,၃၂၀ |
| တရားရေး | ... | ....• | ... | ... | ၄,၆၁,၅၀၀ |
| အကျဉ်းထောင်များ | | ... | ... | ... | ၁၂,၉၅,၂၀၀ |
| ရဲအဖွဲ့ | ... | ... | ... | ... | ၂,၇၈,၉၀၀ |
| နိုင်ငံခြားရေး | ... | ... | ... | ... | ၅,၃၄,၃၆၀ |
| ပညာရေး | ... | ... | ... | ... | ၃၅,၈၇,၀၄၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | | | ... | ... | ၄၂,၀၇,၉၁၀ |
| လေကြောင်းပျံသန်းသွားလာမှု | | ... | ... | ... | ၉,၇၆,၈၉၀ |
| အထွေထွေဌာနများ | | ... | ... | ... | ၁၈,၇၁,၃၅၀ |
| အထွေထွေ | ... | ... | ... | ... | ၃၃,၇၅,၉၃၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ | | ... | ... | ... | ၂၉,၇၅,၀၀၀ |
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော်အတွက် မ , တည် ငွေရင်း | | | | ... | ၁,၀၆,၇၀၀ |
| ယစ်မျိုးအတွက် မ , တည်ငွေရင်း | | ... | ... | ... | ၂၇၀ |
| ဆည်မြောင်းအတွက် မ , တည်ငွေရင်း | | | ... | ... | ၁၀ |
| စာပို့တိုက်နှင့် ကြေးနန်းအတွက် မ , တည်ငွေရင်း | | | ... | ... | ၁,၀၁,၁၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ , တည်ငွေရင်း | | | ... | ... | ၇၀,၇၀၀ |
| စစ်ရင်းစစ်အတွက် မ , တည်ငွေရင်း | | ... | ... | ... | ၂,၉၆၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များအတွက် မ , တည်ငွေရင်း | | | | ... | ၂၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေးအတွက် မ , တည် ငွေရင်း | | | | ... | ၁၃,၉၇,၈၄၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ ချေးငွေများ | | | | ... | ၆,၇၅,၁၈,၀၀၀ |
| | | | ပေါင်း | ... | ၉,၇၀,၀၈,၅၄၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၆၁]